mgyoe.com
ဝန်းရှေပြည်စာအုပ်တိုက်

SAMPLE BOOK

ညီညီနိုင်

# ခေါင်းဆောင်မှုသဘောတရား




# The Principles of Effective Leadership


Ng Kwee Choo


mgyoe.com


# ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ


mgyoe.com
SAMPLE BOOK















ပန်းရွှေပြည်စာအုပ်တိုက်

012300001

ခေါင်းဆောင်မှုသဘောတရား

Ks-1,500







mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ခေါင်းဆောင်မှု သဘောတရား

## ညီညီနိုင်

**The Principles of**

**Effective Leadership**

**Ng Kwee Choo.**

စာအုပ်တိုက်

0973079964 - 095145728

အမှတ် ၃၃၄ ၊ ၈ လမ်း ၊ ၁၁ ရပ်ကွက် ၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

mgyoe.com

mgyoe.com

တန်ဖိုး ၂၅၀ ကျပ်

အုပ်ရေ ၅၀၀ အုပ်

ဒုတိယအကြိမ် ၂၀၁၁ ခုနှစ် အောက်တိုဘာလ

မျက်နှာဖုံး ပန်းရွှေပြည်

ထုတ်ဝေသူ ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုစွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ် မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* ဘာသာပြန်သူ၏အမှာ ၅

* ခေါင်းဆောင်သာ ဖြစ်ပါစေ,
အလုပ်ရှင်သူဌေး မဖြစ်ပါစေနှင့် ၇

* မိတ်ဆက်နိဒါန်း ၈

၁။ အခြေခံမှု ၁
လင်းယုန်ငှက် သဘောတရား ၁၁

၂။ အခြေခံမှု ၂
ပုရွက်ဆိတ် သဘောတရား ၃၁

၃။ အခြေခံမှု ၃
ခြသေ့် သဘောတရား ၅၉

၄။ အခြေခံမှု ၄
လိပ် သဘောတရား ၈၆

၅။ အခြေခံမှု ၅
အိုးထိန်းသည် သဘောတရား ၁၀၅

၆။ အခြေခံမှု ၆
လယ်သမား သဘောတရား ၁၂၁

၇။ အခြေခံမှု ၇
သိုးထိန်း သဘောတရား ၁၃၇

* စာနိဂုံး ၁၆၁


mgyoe.com

m g y o e . c o m SAMPLE BOOK

m g y o e . c o m

mgyoe.com SAMPLE BOOK


## ဘာသာပြန်သူ၏ အမှာ

ကျွန်တော့်မှာ လူငယ်မိတ်ဆွေတွေ အများကြီးရှိတဲ့အထဲက နှစ်ခြင်းခရစ်ယာန် ဓမ္မတက္ကသိုလ်ဆင်း ဆရာ ကိုတင်အောင်မိုးလည်း ပါခဲ့ပါတယ်။

တစ်နေ့ သူနှင့် ကျွန်တော် စာအကြောင်းပေအကြောင်းပြောရင်း ခေါင်းဆောင်မှုနှင့်ပတ်သက်လို့ သူ့ဆီမှာ စာအုပ်ကလေးတစ်အုပ် ရှိကြောင်း အသိပေးပါတယ်။

သူ့ပြောပြချက်အရ စာအုပ်က စိတ်ဝင်စားစရာကောင်းသလို ကျွန်တော်က "ဖတ်ချင်တယ်ဗျာ"ဆိုတော့ တစ်နေ့မှာ သူယူလာပါတယ်။ စင်ကာပူနိုင်ငံထုတ် Ng Kwee Choo ရေးတဲ့ The Principles of Effective Leadership ဆိုတဲ့ စာအုပ်ကလေးပါ။

ဖတ်ကြည့်လိုက်တော့ တင်ပြပုံတင်ပြနည်းနှင့် အချက်အလက်တွေဆန်းတာမို့ ဘာသာပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲ့ဒီစာအုပ်ကို အခြေခံပြီး အကြောင်းအရာပိုင်းနှင့် အကိုးအကား ပိုပြည့်စုံပြီး ကောင်းသထက်ကောင်းသွားအောင်

Herbert Casson ရဲ့ The Art of Handling People နှင့် David Joseph Schwartaz ရဲ့ The Magic of Thinking Big စာအုပ်တွေက ကောက်နုတ်ချက်တွေပါ ပေါင်းစပ်လိုက်ပါတယ်။

ပန်းညွှန့် စာနယ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK


သူ့မူလစာအုပ်က ခေါင်းဆောင်တွေရဲ့ အင်္ဂါရပ် ၇ ပါး (အရည်အချင်းပြည့်ခေါင်းဆောင်တွေ ရှိသင့်ရှိအပ်တဲ့ အခြေခံမှု ၇ ချက်)လို့ ဆိုနိုင်ပါတယ်။

ဒီစာအုပ်ကို ဖတ်ရင်းက

ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ဆောင်ရန်ဖြစ်တဲ့

'ထကြွ, နိုးကြား, သနား, သည်းခံ, ဝေဖန်, ထောက်ရှု, ဤခြောက်ခု၊ ကြီးမှုနာယက'ဆိုတဲ့ လမ်းညွှန်ဆောင်ပုဒ်နှင့်

'ဂဏန်း, ပုတ်သင်, ကိုင်းပင်, နွားသိုး, လိပ်မျိုး, ခွေးအ'ဆိုတဲ့ ရှောင်ရန်လက်ာတွေကို နှိုင်းယှဉ်သတိရမိပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ဖြစ်လိုသူတိုင်းအတွက် ဒီစာအုပ်ငယ်က တစ်စုံတစ်ခု အကျိုးပြုနိုင်မယ်လို့ ယုံကြည်လျက်။

ညီညီနိုင်
၂၇-၄-၀၆


mgyoe.com

mgyoe.com SAMPLE BOOK



## ခေါင်းဆောင်သာ ဖြစ်ပါစေ၊
## အလုပ်ရှင်သူဌေး မဖြစ်ပါစေနှင့်။

* အလုပ်ရှင်သူဌေးဆိုတာက သူ့အလုပ်သမားတွေကို ဖိမောင်းတယ်။
ခေါင်းဆောင်ဆိုတာက သူ့အဖွဲ့သားတွေကို လှုံ့ဆော်တယ်။
* အလုပ်ရှင်က လုပ်ပိုင်ခွင့်အာဏာကို အားကိုးတယ်။
ခေါင်းဆောင်က စိတ်ကောင်း,စေတနာကောင်းကို အားကိုးတယ်။
* အလုပ်ရှင်က အကြောက်တရားနှင့် ခြောက်ခိုင်းတယ်။
ခေါင်းဆောင်က မေတ္တာတရားနှင့် ဦးဆောင်တယ်။
* အလုပ်ရှင်က 'ငါ'လို့ ပြောတယ်။
ခေါင်းဆောင်က 'တို့'လို့ သုံးတယ်။
* အလုပ်ရှင်က အလုပ်ပြီးသွားပုံကို ပြတယ်၊
ခေါင်းဆောင်က ဘယ်လိုလုပ်ရမယ် ဆိုတာကို သင်တယ်။
* အလုပ်ရှင်က ရှိသေလေးစားဖို့ တောင်းဆိုတယ်၊
ခေါင်းဆောင်က ရှိသေလေးစားဖို့ အမိန့်ပေးတယ်။

ဒါကြောင့် အလုပ်ရှင်မဖြစ်ပါစေနှင့်
ခေါင်းဆောင်သာဖြစ်ပါစေ။

ပန်းရွှေပြည် စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK


## မိတ်ဆက်နိဒါန်း

'အောင်မြင်သော ခေါင်းဆောင်များ'ဆိုတဲ့ စာအုပ်မှာ ဂျွန်အက်ဒဲယားက ခုလို ရေးခဲ့ပါတယ်။

'အောင်မြင်တဲ့ခေါင်းဆောင်တွေဟာ အဖွဲ့အစည်းတစ်ခုအတွက် အရေးပါလှပါတယ်။ ပြောင်းလဲမှုလုပ်တဲ့အချိန် နှင့် မရေရာတဲ့အခြေအနေတွေမှာ ထိပ်ပိုင်းခေါင်းဆောင်တွေအဖို့ ပြတ်သားစွာလုပ်ဆောင်ရင်း လူတွေရဲ့ အားထားမျှော်လင့်ချက်ကို ဖြည့်ဆည်းပေးဖို့ တခြားစီမံခန့်ခွဲရေးကိစ္စတွေ စွမ်းဆောင်ရပါလိမ့်မယ်တဲ့။

စာရေးသူအနေနှင့်တော့ ထက်မြက်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ အခြေခံမှု ၇ ချက်ကို ဝေမျှ ပေးချင်ပါတယ်။ အဲ့ဒီမှုတွေဟာ ဘာသာရေး, လူမှုရေးအဖွဲ့အစည်းတွေမှာသာမက ဘဝတစ်လျှောက်လုံးမှာပါ အောင်မြင်တဲ့ခေါင်းဆောင် ဖြစ်အောင် ဖန်တီးပေးနိုင်ပါလိမ့်မယ်။ ဒါနှင့်အမျှ ဘဝရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးပြီး အဆင်မြင့်တဲ့ပြောင်းလဲမှုတွေ သိသိသာသာ အပ်နှင်းပေးတာ တွေ့ရမှာပါ။ အဲ့ဒီမှု ၇ ချက်က ကြွယ်ဝအောင် ပံ့သွင်းပေးမှာမဟုတ်ပေမယ့် စိတ်ချမ်းသာအောင်တော့ လုပ်ပေးနိုင်မှာ မလွဲပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK


ဘဝဆိုတာ ရုပ်ပိုင်းဆိုင်ရာကြွယ်ဝမှုကို တစ်လုံးတစ်ခဲကြီး ရရှိအောင် လုံးလုံးလျားလျား ကျင့်ဆောင်နိုင်ခွင့်ရှိတာထက် ပိုပါတယ်။

အယ်လီနာ ရုစဗဲ့ကတော့

"ဘဝရဲ့ရည်ရွယ်ချက်ဟာ ခြုံပြောရရင် ရှင်သန်နေထိုင်ဖို့, အတွေ့အကြုံတွေကို မြည်းစမ်းဖို့, ပိုမိုဆန်းသစ်ပြီး များပြားတဲ့အတွေ့အကြုံတွေကို ကြောက်ရွံ့စိုးရိမ်ခြင်းမရှိဘဲ အားတက်သရော ဖြတ်သန်းဖို့ပဲ ဖြစ်ပါတယ်"လို့ ဆိုခဲ့ပါတယ်။

ဒါမှမဟုတ် စာရေးဆရာကြီး ရောဘတ် လူးဝစ္စ စတီဗင်ဆင်ရဲ့ ဘဝရည်ရွယ်ချက်နှင့် ပတ်သက်တဲ့အမြင်ကို ပို နှစ်သက် သဘောတွေ့နိုင်ပါတယ်။

"ကျွန်တော်တို့ ဖြစ်ချင်တာဖြစ်ဖို့, ဖြစ်နိုင်စွမ်းရှိသမျှ လုပ်ဖို့ဟာ ဘဝရဲ့ တစ်ခုတည်းသော နောက်ဆုံးပန်းတိုင်ပါပဲ"တဲ့။

ခေါင်းဆောင်တစ်ယောက်အနေနှင့် မိမိရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖြစ်သင့်, ဖြစ်ကောင်းတာတွေကို အပြည့်အဝရရှိအောင် ကြိုးပမ်းဖို့ လိုပါတယ်။ အလားတူပဲ ကိုယ့်အသိုင်းအဝိုင်းတွေရဲ့ ဖြစ်နိုင်စွမ်းတွေကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ ဒီစာအုပ်ပါ မူ ၇ ချက်ဟာ အဲဒါတွေ အကောင်အထည်ဖော်ရာမှာ အထောက်အကူရဖို့ ပုံစံဆွဲထားတာပါ။

အဲဒီ မူ,အဲဒီသဘောတရားတွေ တစ်ခုချင်းဟာလည်း မြင့်မြတ်တဲ့ သူတော်စင် စိန့်ပေါလ်လိုပုဂ္ဂိုလ်မျိုးရဲ့ ခေါင်းဆောင်မှုအသွင်တွေကို ထင်ဟပ်နေလေရဲ့။ အဲဒါတွေကတော့ ကောင်းသတင်းတွေကို ဝေမျှတဲ့ ရည်မှန်းချက်, ဆက်ဆံရေးနှင့် စည်းရုံးရေးကျွမ်းကျင်မှု၊ လောကခံကို ရင်ဆိုင်နိုင်မှု၊ ခက်ခဲတဲ့ ဆန့်ကျင်ဘက်ပြဿနာတွေကို ဖြေရှင်းတဲ့သတ္တိ၊


mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်အခြေအနေဆိုက်ဆိုက် ကိုယ်ကျင့်တရားကို စောင့်ထိန်းပြီး ဖန်တီးနိုင်စွမ်းရှိသမျှ ဒွဲ လုံ့လ ဝီရိယနှင့် လုပ်ဆောင်မှု၊ တွေ့ကြုံရသမျှ အခြေအနေ ပုံစံသစ်တွေကို သူတော်ကောင်းစိတ်ဓာတ်နှင့် ရှုမြင်သုံးသပ်မှု၊ အသိုင်းအဝိုင်းနှင့် လုပ်ဖော်ကိုင်ဖက်တွေအပေါ် မေတ္တာ၊ စေတနာထားမှုတွေပါပဲ။

ဒီစာအုပ်ဟာ စာဖတ်သူရဲ့ စိတ်စွမ်းအားကို အပြည့်အဝမြှင့်တင်ပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

နဂ် ကွီ ချူး


mgyoe.com

mgyoe.com SAMPLE BOOK


# အခြေခံမှု ၁

# လင်းယုန်ငှက် သဘောတရား


mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com
SAMPLE BOOK


## အခြေခံမှု ၁

# လင်းယုန်ငှက် သဘောတရား

အရည်အချင်းပြည့် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ အခြေခံမှု အမှတ် ၁ ကတော့ 'လင်းယုန်ငှက် သဘောတရား'ပါပဲ။

သရုပ်ဖော်ပုံထဲမှာ လင်းယုန်တစ်ကောင်ဟာ မိုးတိမ်ကင်းစင်ကြည်လင်တဲ့ အပြာရောင်ကောင်းကင်ပေါ်မှာ အမြင့်ကြီးက ပျံဝဲနေတာ တွေ့ရပါလိမ့်မယ်။

သူဟာ အောက်က ကမ္ဘာမြေပြင်ကို အပေါ်စီးကနေပြီး ကြီးစိုးမှု ရယူလိုက်ပါတယ်။

လင်းယုန်ငှက်တစ်ကောင်အနေနှင့် မျက်စိအားကောင်းသလောက် ဘယ်လောက်ပဲဝေးဝေး စူးစမ်းနိုင်စွမ်း ရှိပါတယ်။ လင်းယုန်တစ်ကောင်ရဲ့အမြော်အမြင်ဟာ သူ့ရှေ့က သူကြည့်လိုက်တဲ့ အရာဝတ္ထုကို အပိတ်အဆို့ အဟန့်အတား ဝေဝါးခြင်းမရှိ ပကတိပြတ်ပြတ် သားသား သိမြင်နိုင်တာပေါ့။

ဒါကြောင့်လည်း 'လင်းယုန်ငှက် သဘောတရား'ဆိုချင်တာ ဖြစ်ပါတယ်။

ဘဝမှာ လူဟာ အမြော်အမြင် ရှိရမယ်။

အမြော်အမြင် မရှိတဲ့လူဟာ ပျက်စီးရမှာ မုချပဲတဲ့။


mgyoe.com

mgyoe.com
SAMPLE BOOK


ဒီစကားကိုလည်း စာရေးသူက အမြော်အမြင်ကင်းမဲ့စွာ ပြောဆိုခဲ့တာ မဟုတ်ပါဘူး။ အမြော်အမြင် မရှိရင်တော့ ရုပ်ဘဝအားဖြင့် သေရမှာ သေချာနေလို့ပါ။

ဒါဟာလည်း တကယ်တမ်း စာရေးသူပြောလိုက်တဲ့ အချက် မဟုတ်ပါဘူး။

ဒါပေမယ့် အမြော်အမြင် မရှိရင်တော့ ရုပ်ဘဝသာမက ပညာဉာဏ်အားဖြင့်ကော, ခံစားမှုအနေဖြင့်ရော, စိတ်ပိုင်းအားဖြင့်ပါ သေသွားမယ်ဆိုတာ တကယ့်အမှန်တရားပါပဲ။

မြော်မြင်ဉာဏ်, မြော်မြင်မှုဟာ ဘဝကိုမီးခတ်ပြီး စွမ်းအင်ဖြည့်လို့ အလင်းရောင် ထွန်းညှိပေးလိုက်တာပဲ မဟုတ်ပါလား။

တစ်နည်းအားဖြင့် လူတစ်ယောက်ကို မီးထိုးပြီး မောင်းနှင်အား ပေးနိုင်တယ်ပေါ့။

မြော်မြင်မှုက ဘဝမှာလိုအပ်တဲ့ စိတ်ဓာတ်အနေအထား, အကြောင်းအကျိုးသိတတ်မှု ပမာဏနှင့် ဆင်ခြင်တုံတရားတွေကို မြင့်မြင့်မားမား တိုးပွားပေးစေပါလိမ့်မယ်။

သို့နှင့်အမျှ လူ့လောကမှာ ထိပ်တန်းကို ရောက်နေရတယ်လို့ မိမိကိုယ်မိမိ ယုံကြည်ခံစားရမှာ မလွဲပါဘူး။

ကဗျာဆရာတစ်ယောက်က ပြောပါတယ်။

"ကျုပ်ဟာ ကျုပ်ရဲ့ လေ့လာသုံးသပ်မှုအားလုံးရဲ့ အရှင်သခင်ဘုရင်ပဲ"တဲ့။

မှန်ပါတယ်။ ဒါ အံ့သြစရာလည်း မဟုတ်ပါဘူး။

လူတစ်ယောက်အဖို့ ဘဝအတွက် မြော်မြင်ဉာဏ်တွေ ရှိမယ်ဆိုရင် ကောင်းကင်တမွတ် ကြယ်ကို ဆွတ်နိုင်မယ်လို့တောင် ကြီးကြီး


mgyoe.com

mgyoe.com
SAMPLE BOOK


ကျယ်ကျယ် တွေးထင်ယုံစားလာမှာ သေချာပါတယ်။

တစ်ဘက်ကလည်း ကိုယ်ဘဝရဲ့ မျှော်မှန်းချက်တွေကို အလွန်အကျွံ ပုံကြီးမချဲ့မိဖို့ အရေးကြီးတယ်လို့ ဆိုချင်ပါတယ်။ လူတစ်ယောက်ဟာ သူ ကျင်လည်ရာအသိုင်းအဝိုင်း, သူပိုင်ဘဝနှင့်ဟပ်စပ်တဲ့ မျှော်မှန်းချက်မျိုးကိုထားရှိတာ ပိုကောင်းပါလိမ့်မယ်။

ဒီနေ့ကမ္ဘာကြီးဟာ ခေတ်အဆက်ဆက်က သိပ္ပံပညာရှင်တွေ, တီထွင်သူတွေ, နယ်သစ်ရှာသူတွေ, နိုင်ငံရေးသမားတွေ, တကယ့်လူရည်ချွန် အမျိုးသား အမျိုးသမီးတွေရဲ့ အမြော်အမြင်ကြီးမားမှုကြောင့် ဖြစ်ထွန်း တိုးတက်နေရတာပါ။

သိပ္ပံနည်းပညာတွေမှာ အံ့မခန်း အစွမ်းထက်ခဲ့ကြရာက အယူသီးမှုတွေရဲ့ ကျွန်ပြုခံရတဲ့အဖြစ်မှ ရုန်းထွက်ပြီး အသွင်ပြောင်းခဲ့ကြရသလို ဆင်းရဲမွဲတေမှုတွေကနေ ဖွံ့ဖြိုးစနှင့် ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတွေ ဖြစ်ခဲ့ကြရတယ်။

အမျိုးသမီးအခွင့်အရေးတွေနှင့် ဆန္ဒမဲ ပေးခွင့် အပါအဝင် တခြားသော လူ့လောကရဲ့ အောင်မြင်မှုအများအပြားဟာ အမှန်ပကတိဘဝကို သိမြင်ခဲ့ကြတဲ့ အကျိုးရလဒ်ပဲ ဖြစ်ပါတယ်။

အမေရိကန် လူ့အခွင့်အရေးတိုက်ပွဲဝင် လူမည်းခေါင်းဆောင် မာတင်လူသာကင်း(ဂျူနီယာ)ကိုပဲ ကြည့်ပါ။ သူဟာ အမေရိကန် လူမည်းတွေ တန်းတူညီမျှ အခွင့်အရေးရရှိဖို့ တိုက်ပွဲဝင်လှုပ်ရှားမှုတွေရဲ့ အသက်ဝိညာဉ်ပါပဲ။ ၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့က ဝါရှင်တန်ဒီစီမှာ 'ကျုပ်မှာ အိမ်မက်တစ်ခု ရှိတယ်'ဆိုတဲ့ နာမည်ကျော်မိန့်ခွန်းကို ပြောခဲ့လေရဲ့။

သူ့မိန့်ခွန်းက အရှည်ကြီး။ အတော်လည်း စွမ်းအားထက်မြက်


mgyoe.com

တယ်။ ခံစားချက် အပြည့်ပါတယ်။ အလွှာအသီးသီးက လူ ၂ သိန်း ကျော်ဟာ မိန့်ခွန်းရဲ့ညှို့ဖမ်းမှုကို ခံသွားကြရတယ်။

အဲဒီမိန့်ခွန်းထဲမှာ မာတင်လူသာကင်းက အမေရိကန်နိုင်ငံ အတွက် သူ့ရဲ့မျှော်မှန်းချက်ကို ထုတ်ဖော်ခဲ့ပါတယ်။

၂ ပိုဒ်လောက်ကို ကိုးကားပြပါရစေ။

"ကျွန်တော်အိပ်မက် မက်ခဲ့တဲ့အထဲမှာ တစ်နေ့ကျရင် ဂျော်ဂျီ ယာက တောင်ကုန်းနီနီတွေပေါ်မှာ ရှေးကျွန်ကြီးတွေရဲ့သားတွေနှင့် ကျွန်ပိုင်ရှင်ကြီးတွေရဲ့သားတွေဟာ ညီရင်းအစ်ကိုတွေအဖြစ် တစ်စားပွဲ တည်း ဝိုင်းထိုင်ကြလိမ့်မယ်တဲ့"

"ကျွန်တော့်အိပ်မက်ထဲမှာ ကျွန်တော်ရဲ့ကလေးငယ် ၄ ယောက် ဟာ အသားအရောင်ကြောင့် မဟုတ်ဘဲ သူတို့ရဲ့ အကျင့်စာရိတ္တအားဖြင့် သာ တရားစီရင်ခြင်းခံရမယ့် နိုင်ငံတစ်ခုမှာ နေထိုင်ရလိမ့်မယ်ဆိုပဲ"

မာတင်လူသာကင်း အနေဖြင့် တစ်နေ့နေ့မှာ အမေရိကန်နိုင်ငံ ဟာ လူမျိုးရေးဖိနှိပ်မှုတွေ, အသားအရောင်ခွဲခြားမှုတွေ နှောင်ဖွဲ့ထား တဲ့အောက်က လွတ်မြောက်မယ်ဆိုတဲ့ မျှော်မှန်းချက်တစ်ရပ် ရှိခဲ့ပါတယ်။ ဒါနှင့်အမျှ အမေရိကန်လူမည်းတွေလည်း လူဖြူတွေနှင့်တန်းတူ လူရာ ဝင်လာမယ်လို့လည်း အိပ်မက်မက်ခဲ့တာကလား။

ဒေါက်တာကင်းဟာ ၁၉၆၈ ခုနှစ်က အစွန်းရောက်ဝါဒီတွေရဲ့ လုပ်ကြံခြင်း ခံခဲ့ရလင့်ကစား သူ့အိမ်မက်တွေကတော့ အသက်ဆက် ရှင်သန်နေခဲ့လေရဲ့။

ပြီးတော့ ပုဂ္ဂိုလ်ကျော်တစ်ဦးရဲ့ အမြော်အမြင်ကြောင့် အမေ ရိကန် လူမည်းထုတစ်ရပ်လုံးဟာ စီးပွားရေး, လူမှုရေး, နိုင်ငံရေးတွေ


mgyoe.com

mgyoe.com


မှာ မျက်စိပွင့်လာသလို ခေတ်ရှေ့ပြေးနိုင်လောက်အောင် တိုးတက်ကြိုးစားနိုင်ခဲ့ကြတယ်။ ဥပမာ

ဒေါက်တာကင်းရဲ့ ညာလက်ရုံးဖြစ်သူ ဂျက်စီဂျက်ဆင် ဆိုရင် ၁၉၈၈ ခုနှစ်က အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ဒီမိုကရက်တစ် သမ္မတလောင်းနေရာရဖို့ အလားအလာ ကောင်းခဲ့တာပဲ။

သူသာ သမ္မတလောင်းစာရင်း ဝင်ခဲ့မယ်ဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ ပထမဆုံး လူမည်းသမ္မတအဖြစ် အရွေးခံရမှာ ကျိန်းသေပါတယ်။

၁၉၈၉ ခုနှစ် ဇွန်လအတွင်းမှာတော့ နောက် လူမည်းကြီးတစ်ဦးဖြစ်တဲ့ မစ္စတာဝီလီယမ်ဂရေးဟာ အမေရိကန်အောက်လွှတ်တော်မှာ ဒီမိုရက်တစ် အမတ်နေရာ ရခဲ့ပါတယ်။

အဲ့ဒီနောက် ၂ လအကြာ ဩဂုတ်လထဲမှာပဲ သမ္မတ ဂျော့ချ်ဘုရှ်က လူမည်းကြယ် ၄ ပွင့် ဗိုလ်ချုပ်ဖြစ်တဲ့ ကောလင်းပါဝဲကို ကာကွယ်ရေးဝန်ကြီး ခန့်အပ်လိုက်ပြန်ပါတယ်။ ဂျင်နရယ်ပါဝဲလ် အဖို့ သူ့ထက်စီနီယာကျတဲ့ ဗိုလ်ချုပ် ၃၀ ကို ကျော်တက်ခဲ့ရတာပါပဲ။

ဒီတော့ လူတစ်ယောက်ရဲ့ အမြော်အမြင်ဟာ သူ့ကိုယ်တိုင်နှင့်သူ့အုပ်စုတွေကို အကျိုးပြုနိုင်တာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ဒီ့အပြင် သူ့နိုင်ငံကိုတောင် အကျိုးပြုနိုင်သေးတယ် ဆိုရမယ်လေ။

သုတေသနပြုချက်တွေအရ လူ ၁၀၀ မှာ ၃ ယောက်လောက်သာ အောင်မြင်မှု ရကြတယ်လို့ ဆိုပါတယ်။

ဒီလောက်တောင် ဘာကြောင့် နည်းရသလဲ။


mgyoe.com

mgyoe.com
SAMPLE BOOK


အဖြေကတော့ သူတို့ရဲ့ အမြော်အမြင်တွေအပေါ် မူတည်ပါသတဲ့။

သူတို့အတွက် လုံ့ဆော်မှုတစ်ခုခု, အားပေးမောင်းနှင်မှုတစ်ခုခု, စိန်ခေါ်မှုတစ်ခုခု ရှိနေဖို့ လိုပါတယ်။

အဲဒီ 'တစ်ခုခု'ဆိုတာ နိုင်ငံရေးဆိုင်ရာ အိပ်မက်တစ်ခု, ဘဝရည်မှန်းချက်တစ်ခု, လူမှုရေးထမ်းဆောင်မှုတစ်ခု, ဘာသာရေးတာဝန်တစ်ခု ဖြစ်နိုင်ပါတယ်။ မြော်မြင်မှုအနိမ့်,အမြင့်,အနည်း,အများအပေါ်လိုက်ပြီး ဘဝရဲ့ အောင်မြင်မှု, ဆုံးရှုံးမှုတွေကို ဖန်တီးပေးလိုက်တာပါပဲ။

ကဲ။ အခုဆိုရင် သင်လည်း သင့်ဘဝအတွက် ကိုယ်ပိုင်မျှော်မှန်းချက်တစ်ခု ရှိထားဖို့ စိတ်ဝင်စားနေပြီလို့ ထင်ပါတယ်။ နောက်ပြီး အဲ့ဒီမျှော်မှန်းချက်ဟာ အတော်လေး ကောင်းမွန်မြင့်မားမယ်လို့လည်း ယုံကြည်ပါတယ်။

ဒါပေမယ့် ဘဝအတွက် မျှော်မှန်းချက် ချမှတ်ရာမှာ ဒီအချက်တော့ စွဲမှတ်ထားစေချင်ပါတယ်။

အဲ့ဒီအချက်ကတော့ သင့်ရဲ့ ဉာဏ်ပညာထက်မြက်မှု, သင့်ရဲ့ အရည်အချင်း (သင့်ရဲ့ စွမ်းဆောင်နိုင်စွမ်း)တွေကို ဘယ်တော့မျှ လျှော့မတွက်ပါနှင့်ဆိုတာပါပဲ။

သင့်မှာ ဖြစ်အောင်လုပ်နိုင်တဲ့ အစွမ်းတွေ ထုကြီးထည်ကြီးနှင့် ရှိနေပါတယ်။ အဲ့ဒီ အစွမ်းသတ္တိတွေဟာ သင့်ကိုယ်ထဲမှာ မသုံးရသေးဘဲနှင့် ပုန်းလျှိုးခိုအောင်းနေတယ်။

နာမည်ကျော် အမေရိကန် စိတ်ပညာရှင်ကြီး ဝီလီယမ်ဂျိမ်းရဲ့


mgyoe.com

mgyoe.com SAMPLE BOOK


စကားနှင့်ဆိုရင် 'လူတစ်ယောက်ဟာ သူ့တစ်သက်လုံးမှာ သူဖြစ်နိုင်စွမ်းရဲ့ ၁၀ ရာခိုင်နှုန်းတောင် အသုံးမချခဲ့ပါဘူး'တဲ့။

အဲလ်ဘတ်အိုင်းစတိုင်း ကွယ်လွန်ချိန်မှာ သူ့ ဦးနှောက်ဆဲလ်တွေဟာ ၁၀ ရာခိုင်နှုန်းအောက်ပဲ အသုံးပြုခဲ့တာ တွေ့ရတယ်ဆိုပဲ။

လူတစ်ယောက်ဆီမှာ လုပ်နိုင်စွမ်းတွေ တစ်ပုံကြီးရှိလျက်သားနှင့် လူတွေဟာ အဆင့်မြင့်အောင် မလုပ်နိုင်ခဲ့ကြတာ ဘာကြောင့်ပါလိမ့်။

ဒါဟာ မေးသင့်တဲ့ မေးခွန်းပါပဲ။

အကြောင်းအရင်း တစ်ခုကတော့ သူတို့ဟာ သူတို့ရဲ့လုပ်နိုင်စွမ်းကို မြှင့်မပေးခဲ့ကြတာကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ ပုံပြင်လေးတစ်ပုဒ် ပြောပြချင်ပါတယ်။

အဲ့ဒီပုံပြင်က ကြက်ခြံထဲမှာ ကြီးပြင်းခဲ့ရတဲ့ လင်းယုန်ငှက်ကလေးတစ်ကောင်အကြောင်းပဲ ဖြစ်ပါတယ်။ မျှော်မှန်းချက်ထားရှိရေးကို သရုပ်ဖော်ထားတဲ့ ပုံလေးပါပဲ။

တစ်ခါတုန်းကတဲ့ ရက်အင်းဒီးယန်း လူနီရိုင်းတစ်ယောက်ဟာ တောထဲကို အမဲလိုက် ထွက်ခဲ့ပါသတဲ့။

ဒီလိုနှင့် တောတွင်းတစ်နေရာမှာ လင်းယုန်ငှက်ဥတစ်လုံးကို တွေ့ပြီး သူ့ခြံထဲကို ယူလာခဲ့ပါလေရော။

ဥကပေါက်တော့ လင်းယုန်ပေါက်စလေး ထွက်လာတယ်။

အဲ့ဒီလင်းယုန်လေးဟာ ခြံထဲက ကြက်တွေကြားထဲမှာ နေရင်းကကြီးပြင်းလာတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


ဒါပေမယ် ကြက်တွေနှင့်အတူ နေခဲ့ရတဲ့ လင်းယုန်လေးဟာ ကြက်တွေရဲ့ အမူအကျင့်တွေ စွဲသွားတယ်။ အဲ့ဒီအမူအကျင့်တွေထဲမှာ ကောင်းတာရော, ညံ့တာရော ရောနေတာပေါ့။ လင်းယုန်ပေါက်စလေးဟာ ကြက်တွေလိုပဲ အစာရှာတယ်, ကစားတယ် ခွပ်တယ် ဆိုပါတော့။ သူဟာ တဖြည်းဖြည်း ငှက်လားမြောက်ပြီး လုပခံ့ထည်တဲ့ လင်းယုန်ငှက်ကြီး ဖြစ်လာတယ်ဆိုပဲ။

တစ်နေ့တော့ အဲ့ဒီလင်းယုန်ငှက်ဟာ အပြာရောင်တောက်ပတဲ့ ကောင်းကင်အမြင့်က သူ့ရဲ့မျိုးတူ လင်းယုန်ငှက်ကြီးတစ်ကောင်ဟာ ယုံကြည်ချက် အားမာန်အပြည့်နှင့် ခံ့ခံ့ထည်ထည် ပျံဝဲလာတာ တွေ့လိုက်ရပါလေရော။

ပျံဝဲနေတဲ့ လင်းယုန်ကြီးကို ကြည့်ရတာလည်း လွတ်လပ်ပျော်ရွှင်နေပုံရတယ်။ သူရဲ့ တောင်ပံခတ်သံတွေကလည်း အောက်ကမြေပြင်ဇာစ်ခုလုံးကို 'မိုးနတ်မင်းဆိုတာ ငါကွ'လို့ ကြေညာ ကြွေးကြော်လိုက်သလိုပဲတဲ့။

ဒီတွင် ကြက်ခြံထဲက လင်းယုန်ကလေးဟာ မိုးပေါ်ကလင်းယုန်ကို မနာလိုဝန်တို ဖြစ်သွားတယ်။ ဒါပေမယ့်

"အို။ အဲ့ဒီကောင်းကင်ပေါ်က လင်းယုန်ကြီးလို ငါလည်း ပျံချင်လိုက်တာလို့"သာ ပြောနိုင်ပြီး သက်ပြင်းချ နေလိုက်ရပါတော့တယ်။

မြေပေါ်က လင်းယုန်ငှက်မှာ အတောင်ပံတစ်စုံ ရှိနေပါလျက် မပျံနိုင်တာဟာ ကံကြမ္မာရဲ့လှည့်စားချက်လို့ ပြောမလား။

သူ ဘာကြောင့် တကယ်မပျံနိုင်တာလဲ။


mgyoe.com

m g y o e . c o m


အရင်းစစ်လိုက်ရတော့ သူ့တောင်ပံတွေကို တစ်ခါမျှ ပျံဖို့၊ ခတ်ဖို့ လေ့ကျင့်ခဲ့ဖူးတာမှ မဟုတ်ဘဲကိုး။

သူက မွေးကတည်းက ကြက်ခြံထဲမှာ ကြက်တွေနှင့်ပဲ ကစားနေခဲ့တာကိုး။ ပြီးတော့ တောင်ပံတွေကို ဖြန့်ဖို့ ကြိုးစားရမှန်းတောင် မသိခဲ့ရှာဘူးလေ။

တစ်ခါတလေ သင်ဟာ ကျောင်းမှာဖြစ်စေ, အလုပ်မှာဖြစ်စေ, အဖွဲ့အစည်းမှာဖြစ်စေ, အမြင့်ပျံသမား(ထိပ်တန်းခေါင်းဆောင်) နေရာ ရယူလိုချင်စိတ်တွေ ပေါ်ပေါက်မိပါလိမ့်မယ်။

အဲ့ဒီလို ခေါင်းဆောင်မျိုးဟာ စွမ်းရည်အပြည့်, ယုံကြည်မှုတွေ အပြည့်ရှိပြီးသားလို အောက်မေ့ရပါတယ်။

သူတို့လို အဆင့်မြင့်ခေါင်းဆောင်တွေအဖြစ် မိုးပေါ်မှာ ဝဲပျံ မနေချင်ပေဘူးလား။

ဘာကြောင့် မပျံနိုင်ရမှာလဲ။ မပျံနိုင်စရာ ဘာအကြောင်း ရှိမှာ မို့လဲ။ အဲ–မြေကြီးပေါ်မှာ တွယ်ကပ်နေစရာအကြောင်းကော ရှိသေးလို့လား။ မိုးပေါ် တက်ပျံရုံမက က,လို့တောင် ရပါဦးမယ်။

သိထားဖို့က လူဆိုတာ ဆန္ဒရှိရင် ဘာမဆိုဖြစ်အောင် လုပ်နိုင်စွမ်းရှိတယ် ဆိုတာပါပဲ။

သင်ဟာ သင့်ရဲ့ ဖြစ်နိုင်ခြေကို မြင့်မားတိုးတက်အောင် ဖန်တီးရမယ်။ အတောင်ပံတွေဖြန့်ပြီး ပျံသန်းဖို့လည်း လိုတယ်။ တောင်ပံ မခတ်ရင်တော့ ပျံတတ်မှာမဟုတ်သလို၊ ကောင်းကင်အမြင့်ကြီးကိုလည်း ရောက်မှာမဟုတ်ပါဘူး။

တောင်ပံတွေ ဖြန့်ကြည့်လိုက်ရင်တော့ သင့်ကိုယ်ထဲမှာ စွမ်း


m g y o e . c o m

ဆောင်နိုင်ရည်တွေ အများကြီးရှိပါလားလို့ သိပြီး အံ့သြသွားရမှာပဲ။

တောင်ပံတွေ ခတ်လိုက်တာနှင့်တစ်ပြိုင်နက် မိုးကောင်းကင်ကြီးကို ကြိုက်သလောက် ပိုင်စိုးခွင့်ရပြီသာ မှတ်ပေတော့။ ကောင်းကင်ထိပ်ဖျား စကြဝဠာအဆုံးထိ ပျံမယ်ဆိုရင်တောင် ဘယ်သူမှ တားနိုင်မှာ မဟုတ်ပါဘူး။

တစ်ခုတော့ မှတ်ထားပါ။ သင်ဟာ 'ကြက်'တစ်ကောင်အနေနှင့် ပေါက်ဖွားလာရမှာ မဟုတ်ဘဲ၊ 'လင်းယုန်'တစ်ကောင်အသွင် မွေးဖွားကြီးပြင်းလာရမယ် ဆိုတာပါပဲ။

ဝမ်းနည်းစရာကောင်းတာက လူတစ်ယောက်ဟာ သူ့ရဲ့ ဘိုးစဉ်ဘောင်ဆက်က စွဲမြဲလိုက်နာလာတဲ့ ရိုးရာဓလေ့တွေအောက်မှာ ကြီးပြင်းခဲ့ရတာများသလို၊ စွန့်စားဖောက်ထွက်ဖို့ နည်းနည်း စိုးရိမ်ကြီး နောက်တွန့်နေတတ်တာပဲ ဖြစ်ပါတယ်။ တစ်နည်းတော့ ကိုယ့်ဥခွံထဲမှာ နွေးထွေးဓိမ်ကျနေရာက အပြင်ထွက်ဖို့ ကြောက်နေတာမျိုး။

ဒါပေမယ့် အဲဒီထက် သာတဲ့, ကောင်းတဲ့နေရာကို သွားနိုင်မှန်းသိရင်တော့ သင့်အတွက် မျှော်လင့်ချက်တွေ ရှိနေသေးတယ် ဆိုရမှာပါ။

သင့်အသက်ခန္ဓာနှင့် စိတ်ဓာတ်တွေကို အနားမပေးသမျှ အနာဂတ်ဆိုတာလည်း ရှိနေဆဲပါပဲ။

ပုံပြင်ထဲကလင်းယုန်လို သာမန် အလယ်အလတ်စား နေရတာကို မခံချင်ဘူးဆိုရင်လည်း ကြီးကျယ်မြင့်မားတဲ့ အာမခံချက်တွေ ရှိပြီးသား။

သင် အားတက်စေမယ့် ပုံပြင်လေးတစ်ပုဒ် ထပ်ပြောပါရစေ။ ဆိတ်တွေကြားမှာ ကြီးပြင်းခဲ့ရတဲ့ ကျားငယ်လေးအကြောင်းပါ။


mgyoe.com

mgyoe.com SAMPLE.BOOK


တစ်ရံရောအခါကပေါ့။ ဆိတ်မကြီးတစ်ကောင်ဟာ တောထဲကို အစာရှာထွက်ခဲ့တယ်။ ချုံတစ်ခုထဲမှာ စွန့်ပစ်ခံထားရတဲ့ ကျားပေါက်စလေးကို တွေ့တယ်။ သူ့မိဘတွေဟာ သေကုန်လို့လည်း ဖြစ်နိုင်တယ်။ ဆိတ်မကြီးဟာ မိဘမဲ့ကျားငယ်လေးကိုခေါ်လာပြီး အိမ်မှာ သူ့ကလေးတွေနှင့်အတူ ထားလိုက်တယ်။

ကျားပေါက်စလေးဟာ ဆိတ်ကလေးတွေလိုပဲ ဆိတ်မကြီးနို့ကို စို့သတဲ့။ သူတို့နှင့်အတူ မြူးတူးကစားရင်း သူတို့အမူအကျင့်တွေကို အတုခိုးတယ်။ ဆိတ်ကလေးတွေလို "ပဲပဲ ပဲပဲ"နှင့်တောင် အော်တယ် ဆိုပဲ။

ဒါပေမယ့် ဘယ်လိုပဲ ကြိုးစားကြိုးစား၊ ကျားငယ်လေးဟာ ဆိတ်နှင့် မတူခဲ့ပါဘူး။ အသွေးအရောင် ပုံပန်းသဏ္ဍာန်ချင်းမတူသလို ဆိတ်မြည်သံကလည်း တစ်မျိုးဖြစ်နေတယ်။ ဒီအခါမှာ ကျားလေးဟာ စိတ်ပျက်လက်ပျက်နှင့် မကျေမနပ် ဖြစ်မိသတဲ့။ တစ်ချိန်တည်းမှာလည်း သူဟာ အပယ်ခံဘဝနှင့် အထီးကျန်နေရတယ်လို့ ခံစားရတာပဲပေါ့။

တစ်နေ့။ သူတို့ခြံထဲကို ဧရာမကျားကြီးတစ်ကောင် ဝင်လာတယ်။ ကျားကြီးကို မြင်လိုက်တာနှင့် ဆိတ်အုပ်ကြီးလည်း ပြေးမိပြေးရာ ထွက်ပြေးကုန်ကြတော့ ကျားပေါက်လေးပဲ ကျန်ခဲ့ပါလေရော။

"မောင်ရင်။ ဆိတ်တွေကြားမှာ ဘာလာလုပ်နေတာလဲ"

ကျားကြီးက မေးတော့

"ကျွန်တော်က ဆိတ်ပဲဥစ္စာ"

ကျားငယ်က ပြန်ဖြေတယ်။

"မင်းက ဆိတ်မှ မဟုတ်တာ။ ကျားပဲကွ"


mgyoe.com

"ဟာ။ ဆိတ်ပါဆိုနေမှ။ ကျား မဟုတ်ပါဘူး"

ကျားပေါက်စလေးကို ဘယ်လိုမှ နားချလို့မရတဲ့အဆုံး ကျားကြီးက "ငါ့နောက်လိုက်ခဲ့"လို့ ခေါ်သွားတယ်။

တောနက်ထဲရောက်တော့ စမ်းချောင်းတစ်ခုကို တွေ့သတဲ့။ ၂ကောင်စလုံး ရေဆာနေကြတယ်လေ။ ဒါနှင့် ကျားပေါက်စလေးဟာ ရေသောက်ဖို့ စမ်းချောင်းထဲငုံ့လိုက်ရာက အကြီး,အငယ် ကွာရုံကလွဲပြီး အရောင်အသွေးတူ,ပုံစံတူနေတဲ့ သူတို့ရုပ်တွေကို ပြန်မြင်လိုက်ရတယ်။

"ဟာ။ အဲဒါဘာကော င်လဲ"

"အဲဒါ မင်းပဲလေ။ ကျားတော့လေးရဲ့"

ကျားပေါက်လေးအမေးကို ကျားကြီးက ပြန်ဖြေတယ်။

"မဖြစ်နိုင်ပါဘူး။ ရေထဲကကောင်ဟာ ကျွန်တော်မှ မဟုတ်တာ။ ကျွန်တော်က ဆိတ်ပဲဟာ"

ကျားပေါက်လေးက အကြောက်အကန် ခံငြင်းနေတုန်းမှာပဲ ကျားကြီးက ရုတ်တရက် ထဟိန်းလိုက်တယ်။ ကျားကြီးဟိန်းသံက ကျားငယ်လေးရဲ့နားတွေ ကန်းမတတ် အူသွားရသလို၊ တောကြီးတစ်ခွင်လုံး တုန်ခါသွားရတယ်။

ဒီနောက် ကျားငယ်လေးကို သူ့လိုပဲ ဟိန်းခိုင်းတယ်။

သူ့ဟိန်းသံက ဟိန်းတယ်ဆိုရုံ ဆိတ်မြည်သံသာသာလေးပဲ ထွက်လာတယ်။

"ထပ် ကြိုးစားကြည့်ပါဦးကွ"

ကျားကြီးက အားပေးတိုက်တွန်းတယ်။

နောက်ဆုံးတော့ ကျားပေါက်လေးဟာ ကောင်းကောင်းကြီး ဟိန်းတတ်သွားသလို အကျယ်ကြီး ထွက်လာတော့တာပဲ။



mgyoe.com

mgyoe.com
SAMPLE BOOK


"အေး၊ ဒါမှပေါ့ကွ။ မင်း ဟိန်းနိုင်တာပဲ။ မင်းက ကျားတစ်ကောင်ပဲလေ"

ကျားကြီးရဲ့ အတည်ပြုချက်နောက်မှာ ကျားငယ်လေးကလည်း ယုံကြည်မှုပိုရှိလာပြီး အားတက်သရောနှင့် ထပ်ခါထပ်ခါ ဟိန်းတယ်။ ဟိန်းသံတွေကလည်း ကျယ်သထက် ကျယ်လာတယ်။

အဟုတ်ကို အံ့ဩစရာ ကောင်းလှချည့်ရဲ့။ ကျားငယ်လေးဟာ ပျော်သွားပြီး ဆိတ်တွေနှင့်ကစားရတာ သူ မပျော်နိုင်ဘဲ မကျေမနပ်ဖြစ်နေရတာကို အဖြေရှာ နားလည်သွားပါတော့တယ်။

ခုတော့ သူဟာ ဆိတ်မဟုတ်ဘဲ ကျားဆိုတာ ကောင်းကောင်းကြီး သိလိုက်ရပါပြီ။

ဒါနှင့်အမျှ သူ့စိတ်ထဲမှာ သံသယဝင်လာတိုင်း၊ သူဟာ ဆိတ်လား၊ကျားလား ဝေခွဲမရဖြစ်လာတိုင်း ကျားငယ်လေးဟာ အားရှိပါးရှိ ဟိန်းလေ့ရှိသတဲ့။ အဲသလိုဟိန်းတိုင်းလည်း သူ့ဟိန်းသံ သူ ပြန်နားထောင်ပြီး သူဟာ ဆိတ် မဟုတ်ဘူး၊ ကျားပဲဆိုတာ ပိုမို နားလည်သွားတာပါပဲတဲ့။

ဒီပုံပြင်လေးက သင့်ကို ခွန်အားသတ္တိတွေ ပေးနိုင်ပါတယ်။ သင်ဟာ ကျားဖြစ်ပြီး ဆိတ် မဟုတ်တာလည်း သိထားပါ။ သင်ရဲ့ အောင်မြင်မှုကို သွားရာလမ်းမှာ ဟိန်းသွားရပါလိမ့်မယ်။ ပျော့ညံ့အားငယ်စိတ်နှင့် ဆိတ်လိုတော့ တပဲပဲ မြည်စရာ မလိုပါဘူး။ ကိုယ့်ကိုယ်ကို ကျေနပ်အားရမှု မရှိတာကိုလည်း မြည်တွန်တောက်တီး ညည်းပြနေလို့ အပိုပါပဲ။ သင့်ထံမှာ ဖြစ်နိုင်စွမ်း၊ လုပ်နိုင်စွမ်းတွေ မရေမတွက်နိုင်အောင် ရှိပြီးသား။


mgyoe.com

လူတွေမှာ အမြော်အမြင်မရှိရင် ပညာဉာဏ်ရော, ခံစားမှုရော, စိတ်ဓာတ်တွေပါ သေသွားနိုင်တယ်လို့ အထက်က ပြောခဲ့ပြီးပါပြီ။

တချို့ကိစ္စတွေမှာဆို ရုပ်ပိုင်းဆိုင်ရာတောင် သေသွားနိုင်ပါသေးရဲ့။

ဘာဖြစ်လို့လဲ။

မျှော်မှန်းချက်၊ ဒါမှမဟုတ် စိတ်ကူးအိပ်မက် မရှိတဲ့ လူတစ်ယောက်ဟာ သူ ရှင်သန်ရပ်တည်ရေးအတွက် မရပ်မနား တိုက်ပွဲဝင်ရုန်းကန်လှုပ်ရှားရမှုတွေ ရှိမှာ မဟုတ်တော့လို့ပဲပေါ့။

ထိုင်နေလို့ ဘာမျှဖြစ်မလာတဲ့အပြင် ချည့်တောင်သွားနိုင်တယ် မဟုတ်လား။

* * *

လူတစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရေးမှာ ကမ္ဘာသိဖြစ်ပြီး ရောင်းအကောင်းဆုံး စာရေးဆရာဖြစ်သူ ဒင်းနစ်စ်ဝိတ်တလေးက ကိုရီးယားစစ်ပွဲကားမှာ တရုတ်နှင့် မြောက်ကိုရီးယားတွေရဲ့ အစစ်ဆေးခံခဲ့ရတဲ့ အမေရိကန် စစ်သုံ့ပန်းတွေ တုံ့ပြန်ဖြေကြားချက်တွေကို လေ့လာပြီး စာတမ်းပြုစုခဲ့ပါတယ်။

အဲ့ဒီစစ်သုံ့ပန်းတွေဟာ ရိုးရှင်းတဲ့ မေးခွန်းတွေနှင့် ခုလို အမေးခံရတယ်။

"မင်း ဘယ်နိုင်ငံကလဲ"

"မင်း အိမ်မှာ မိန်းမ ကျန်ခဲ့သလား"

"မင်း ဘာအတွက် စစ်ထဲ ဝင်တိုက်ရသလဲ"

"မင်း အနှစ်သက်ဆုံး အသက်မွေးဝမ်းကျောင်းအလုပ်ဟာ ဘယ်လိုဟာမျိုးလဲ"



mgyoe.com

m.gyoe.com


သူတို့ရဲ့ အဖြေပေးချက်တွေအပေါ် မူတည်ပြီး စစ်သုံ့ပန်းတွေကို အုပ်စု ၂ စု ခွဲပစ်လိုက်ပါသတဲ့။

ထူးခြားတဲ့ အဖြေရှင်တွေကို ရည်မှန်းချက်ပန်းတိုင်ရှိတဲ့ ခေါင်းဆောင်ပိုင်းတွေ၊ ဒါမှမဟုတ် အန္တရာယ်ပေးမယ့်သူတွေအဖြစ် သတ်မှတ်လိုက်တယ်။

သိပ် ထူးထူးခြားခြားမဟုတ်ဘဲ သာမန်ကာလျှံကာ ပေါ့ပေါ့တန်တန် အဖြေပေးသူတွေကိုတော့ ဦးနှောက်ဆေး ပညာပေးရမယ့်သူတွေလို သတ်မှတ်ခဲ့ကြတယ်။

ပထမအုပ်စုကို လုံခြုံရေး ထူထပ်တင်းကြပ်တဲ့ စခန်းတစ်ခုဆီ ပို့လိုက်တယ်။ သူတို့ကို စစ်ဆေးမေးမြန်းသူတွေက ဟိန်းဟောက်ခြောက်လှန့်တယ်၊ နှိပ်စက်ညှဉ်းပန်းတယ်။ မကြာခဏဆိုသလို အစာငတ်ထားတယ်။ ဒီလိုနှင့် သူတို့ရဲ့စိတ်ဓာတ်ကို ဦးချိုးပြီး ဦးနှောက်ဆေးခံချင်လာအောင် ကျုံးသွင်းတာပဲ ဆိုပါတော့။

ဒုတိယအုပ်စုကျတော့ လုံခြုံရေးလျော့နည်းတဲ့ စခန်းမှာ ထားလိုက်တယ်။ အဲဒီစခန်းဟာ တောရွာကလပ်လေးနှင့်တူအောင် ဖန်တီးထားပြီး သုံ့ပန်းတွေကို ဝတ်ကောင်းစားလှတွေပေးလို့ ကျန်းမာရေးစောင့်ရှောက်တယ်။

ဒါပေမယ့်လည်း လုံခြုံရေးလျော့ပါးတဲ့စခန်းက သုံ့ပန်းတွေရဲ့ ရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းတွေဟာ လုံခြုံရေးတင်းကြပ်ထားတဲ့ စခန်းက သုံ့ပန်းတွေထက် ၃ ဆပိုများနေတာ တွေ့ရတယ်ဆိုပဲ။

ဝိတ်တလေးက ဒါကို ကောက်ချက်ချထားတာကတော့ လုံခြုံရေးတင်းကြပ်တဲ့စခန်းက သုံ့ပန်းတွေဟာ ထူးခြားတဲ့မျှော်မှန်းချက်တွေ အိပ်မက်၊ သို့မဟုတ် ရည်မှန်းချက်ပန်းတိုင်တွေအတွက် အသက်


mgyoe.com

mgyoe.com SAMPLE BOOK

အသေမခံဘဲ ရှင်နေဖို့ ကြိုးစားခဲ့တာကြောင့် သူတို့ဟာ အသက်ဆက်ခဲ့ရတာပါတဲ့။ ဒီတော့

လင်းယုန်ငှက်ရဲ့ အခြေခံသဘောတရားဟာ ဘဝအောင်မြင်မှုကို လိုလားသူတွေအဖို့ ဘာကြောင့် အရေးကြီးသလဲဆိုတာ သိလောက်ပါပြီ။

ဉာဏ်အမြော်အမြင်(ဝါ) မျှော်မှန်းချက်မရှိရင်တော့ ဘဝပင်လယ်ထဲမှာ နစ်ချည်ပေါ်ချည် မျောနေရမှာပါပဲ။

ဘဝခရီးရှည်ကြီးမှာ ဦးတည်ချက်ကင်းမဲ့စွာ မောင်းနှင်နေသလို ရောက်ချင်ရာ ရောက်သွားပါလိမ့်မယ်။

မျှော်မှန်းချက်မရှိတဲ့ အမေရိကန်သုံ့ပန်းတွေလို ဆိုးဝါးတဲ့အဖြစ်မျိုးနှင့် ရုပ်ပိုင်းစိတ်ပိုင်း ခံစားမှုအပိုင်းတွေအားလုံး ပျက်စီးကိန်း ဆိုက်သွားနိုင်ပါတယ်။

ဘရိုင်ယန် ဒူမင်နီက 'မနက်ဖြန်ရဲ့ ခေါင်းဆောင်များ'ဆိုတဲ့ ဆောင်းပါးမှာ ဒီလိုရေးခဲ့ပါတယ်။

'အဓိက အရေးကြီးဆုံးကတော့ မနက်ဖြန်ရဲ့ ခေါင်းဆောင်တွေမှာ မျှော်မှန်းချက်တစ်ခု ရှိကိုရှိရပါလိမ့်မယ်။ ဟုတ်ကဲ့။ ဒီစကားလုံးကို အရင်က ကြားဖူးပြီးသား ဖြစ်မှာပါ။ ဒါပေမယ့် ၁၀ စုနှစ်အဖို့တော့ ဟိုတုန်းကထက် ပိုအရေးပါတဲ့ စကားလုံးဖြစ်လာမှာ သေချာပါတယ်'

ဒါဟာ လင်းယုန်ငှက်ရဲ့ အခြေခံသဘောတရားဖြစ်တဲ့ မြော်မြင်မှုရဲ့ အရေးပါပုံကို အမှတ်ပေးလိုက်တာပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK


ပစ်မှတ်နှင့်ပန်းတိုင်

ကောင်းကင်ပေါ်မှာ ပျံဝဲပြီး အထက်ကနေ စီးကြည့်တဲ့ လင်းယုန်ငှက်အဖို့ မြင်ကွင်းက ကြီးမားကျယ်ပြန့်ပေမယ့် ထူးခြားတဲ့ပစ်မှတ် (ဝါ)သူ့အစာကို တစ်မုဟုတ်အတွင်း ရှာနိုင်စွမ်းရှိပါတယ်။

ပစ်မှတ်ကို တွေ့ပြီဆိုရင်လည်း မလွတ်တမ်းပါပဲ။ တစ်ဟုန်ထိုးတန်းဆင်းပြီး အမိအရ ထိုးသုတ်လေ့ရှိတာ သူ့သဘာဝပေါ့။

တစ်နည်းအားဖြင့် ဝေဝါးထွေပြားမှုတွေကြားက ပီပြင်ပြတ်သားတဲ့ ဦးတည်ချက်ပစ်မှတ်ကို ရွေးချယ်ခဲ့တာပဲ ဖြစ်ပါတယ်။

ပြီးတော့ အဲဒီပစ်မှတ်ကို အရောက်သွားတယ်။

လင်းယုန်စိတ်ဓာတ်ရှိတဲ့ လူသားတစ်ယောက်အဖို့တော့ ပစ်မှတ်၊ သို့မဟုတ် ပန်းတိုင်ကို တစ်ရှိန်ထိုးသွားလို့ ဖြစ်ချင်မှဖြစ်မယ်။

ဒီအခါမှာ ပစ်မှတ်မြင်ကွင်းကို မှန်ဘီလူးနှင့် အနီးကပ်ဆွဲကြည့်သလို အသေးစိတ် ကြည့်မြင်ထားဖို့ လိုပါတယ်။

နောက် ရေတိုပန်းတိုင်လေးတွေ ချမှတ်ပြီး ရေရှည်ရည်မှန်းချက်ကို အရောက်လှမ်း အရယူရမှာပေါ့။

ဒါဟာ မျှော်မှန်းချက်ကို အမြန်ဆုံးနှင့် အထိရောက်ဆုံး အကောင်အထည်ဖော်တဲ့ သဘောတရားပါပဲ။

ကွန်ဖျူးရှပ်က ပြောဖူးတယ်လေ။

"မိုင်တစ်ထောင်ခရီးကို ခြေတစ်လှမ်းက စ,တာပါ"တဲ့။

ဒါမှမဟုတ် ရောဘတ်ရှူးလားရဲ့ အမြင်အတွေးကို ပိုနှစ်သက်ချင် နှစ်သက်မှာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ကိုက်ချင်းဆိုရင် ဘဝဟာ ခက်ခဲပါတယ်။ တစ်လက်မချင်းသွားရင်တော့ ကျိန်းသေရောက်နိုင်တယ်"

လူတစ်ယောက်ရဲ့ ဘဝမှာလည်း ရည်မှန်းချက်ပန်းတိုင် ချမှတ်ထားရမှာဖြစ်ပြီး သူ့အရွယ်အစား၊ ပမာဏအလျောက် အချိန်အပိုင်းအခြားနှင့် အောင်မြင်အောင် ကြိုးပမ်းရပါလိမ့်မယ်။

အနီးစပ်ဆုံးဥပမာပေးရရင် ဘာသာရေး စာအုပ်ကြီးတစ်အုပ်ကို ဖတ်မယ်လို့ ဆုံးဖြတ်ထားပြီဆိုပါစို့။ တစ်ရက်တည်း၊ တစ်ထိုင်တည်း ဖတ်လို့ရပါ့မလား။ ဒီတော့ တစ်ရက်ကို စာမျက်နှာ ဘယ်လောက်ဆိုပြီး နိုင်သလောက်ဖတ်သွားရင် လပိုင်းအတွင်းမှာ ပြီးသွားနိုင်တာပေါ့။

ဟုတ်ပြီ။ ခေါင်းဆောင်တစ်ယောက်ဆိုရင်လည်း အဖွဲ့အစည်းတစ်ခုအတွက် မြော်မြင်နိုင်တဲ့အစွမ်း ရှိရမယ်။ မျှော်မှန်းချက်ကို ချမှတ်နိုင်ရမယ်။ ဒ့ိအပြင် မျှော်မှန်းချက်ကို ဆစ်ပိုင်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ရမယ်။ အောင်မြင်အောင် ဦးဆောင်ပေးဖို့ တာဝန်ရှိတယ်ပေါ့။


mgyoe.com


mgyoe.com
SAMPLE BOOK


# အခြေခံမှု ၂

# ပုရွက်ဆိတ် သဘောတရား

mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



အခြေခံမှု ၂

## ပုရွက်ဆိတ် သဘောတရား

ပုံထဲမှာ ပုရွက်ဆိတ်လမ်းကြောင်းတစ်ခုဟာ ဖန်ခွက်ထဲဝင်ပြီး သကြားမှုန့်တွေသယ်နေတာကို ရေးဆွဲပြထားပါတယ်။

လမ်းကြောင်းရဲ့အဆုံး သူတို့ရှေ့က ဖန်ခွက်ထဲမှာ သကြားတွေရှိမှန်း ပုရွက်ဆိတ်တွေ ဘယ်လိုသိကြသလဲ။

ပုရွက်ဆိတ်လမ်းကြောင်းတစ်ကြောင်းကို သတိထားကြည့်ရင် ဒီအချက်ကို နားလည်နိုင်ပါတယ်။

သူတို့ဟာ လမ်းကြောင်းတစ်ခုတည်းမှာ အသွားအပြန် ရှုပ်ယှက်ခတ်နေရာက သူတို့ချင်း ခေါင်းချင်းဆိုင် သတင်းပို့သွားတာတွေ တွေ့ရပါလိမ့်မယ်။ ရှေးပြေး ကင်းထောက်တစ်ယောက်က အစာရှာထွက်ခဲ့ပြီး နောက်က သူ့တပ်ဖွဲ့ကို အကြောင်းကြားတဲ့ ပုံစံပါပဲ။ နောက်အချင်းချင်း လက်တို့လိုက်သလို နောက်ကလိုက်ပြီး ပုရွက်ဆိတ်တန်းကြီးဖြစ်သွားတာပေါ့။ အဲဒီကမှ သကြားခဲလေးတွေကို တစ်ကောင် တနိုင်သယ်ပို့ကြတာ, ဝိုင်းစားကြတာလေ။

ဒါကို ကြည့်ခြင်းအားဖြင့် ပုရွက်ဆိတ်တွေမှာ ဆက်သွယ်ရေးပုံစံတစ်ခု ရှိနေတာ ထင်ရှားပါတယ်။ သူတို့ဟာ လမ်းကြောင်းချပြီး လမ်းကြောင်းအတိုင်း တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်လုပ်ဆောင်ကြတာပဲပေါ့။



mgyoe.com

mgyoe.com
SAMPLE BOOK


အစွမ်းထက်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့, ပြီးပြည့်စုံတဲ့ ဘဝတစ်ခုမှာ အောင်မြင်ပျော်ရွှင်မှုရဖို့ လူတစ်ယောက်ဟာ ဆက်သွယ်ရေး ကျွမ်းကျင်ရပါလိမ့်မယ်။

ဒါကြောင့်လည်း ခေါင်းဆောင်အင်္ဂါရပ်တစ်ခုအနေနှင့် 'ပုရွက်ဆိတ် အခြေခံသဘောတရား=ဆက်သွယ်ရေး"လို့ ဒုတိယအချက်အဖြစ် ပြောလိုက်ချင်ပါတယ်။

ဆက်သွယ်ရေး, ဆက်ဆံရေးမကျွမ်းရင်တော့ ခေါင်းဆောင်နေရာမှာ တကယ့်ဟာကွက်ကြီး ဖြစ်သွားမှာ မုချပါပဲ။

ခေါင်းဆောင်ဆိုတာ နံပါတ် ၁ အမြော်အမြင်ကြီးမား ရတယ်။ အိပ်မက်ကောင်းတစ်ခု မက်ရမယ်။ ဒါပေမယ့် အဲ့ဒီမြော်မြင်မှုကို နောက်လိုက်နောက်ပါ ဘက်တော်သားများနှင့် ပီပီပြင်ပြင် ဆက်စပ်မပေးနိုင်ရင်တော့ အချည်းနှီးဖြစ်ရုံပဲ ရှိမယ်။ လက်တွေ့အားဖြင့် ရုပ်လုံးပေါ်လာမှာ မဟုတ်ပါဘူး။ အိပ်မက်သက်သက်အဖြစ် လေထဲ လွင့်ပြယ်သွားမှာပါပဲ။

သမ္မတကြီး ဝီလ်ဆင်နှင့် သမ္မတကြီးရှူးစဗဲ့တို့ရဲ့ ပုဂ္ဂိုလ်ရေး အတိုင်ပင်ခံ ဘားနတ်ဘရုချ်က ပြောဖူးတယ်။

"အကြံအစည်တစ်ခုကို ထုတ်ဖော်တင်ပြတဲ့ အရည်အချင်းဟာ အဲ့ဒီအကြံအစည်လိုပဲ အရေးသိပ်ကြီးပါတယ်"တဲ့။

ကိုယ့်ရဲ့မျှော်မှန်းချက်၊ ဒါမှမဟုတ် စိတ်ကူးအိပ်မက်ကို ရှင်းရှင်းလင်းလင်း ပီပြင်ပြတ်သားအောင် တင်ပြတဲ့ကိစ္စမှာ လွန်လွန်ကျူးကျူး ပုံကြီးချဲ့ပြစရာတော့ မလိုပါဘူး။

ခေါင်းဆောင်တစ်ယောက်အနေနှင့် သူ့ရဲ့မျှော်မှန်းချက်ကို သူ့အဖွဲ့တော်သားတွေကို ဝေမျှခံစားစေဖို့သာ လိုပါတယ်။ တစ်နည်း


mgyoe.com

mgyoe.com SAMPLE BOOK


ဆိုရင် သူ့အိပ်မက်ကို သူ့လုပ်ဖော်ကိုင်ဖက်တွေကို ရှင်းပြထားဖို့ တာဝန်ရှိတယ် ဆိုပါတော့။

အဖွဲ့သားတွေဟာ ရည်ရွယ်ချက်,မျှော်မှန်းချက်တွေကို ဂဃနဏ သိထားသလို အကျိုးရလဒ်တွေပါ နားလည်ထားခြင်းအားဖြင့် ယုံကြည်မှု ပိုမိုခိုင်မာလာသလို တက်ကြွအားရလာပါလိမ့်မယ်။

ခေါင်းဆောင်နှင့် ငယ်သားတွေ အပြန်အလှန် နားလည်မှု ရထားပြီဆိုရင်ပဲ တိုက်ပွဲဟာ တစ်ဝက်နိုင်သွားပြီလို့တောင် ဆိုနိုင်ပါ တယ်။ လက်ပွန်းတတီး အဆက်အသွယ်မပြတ်တာနှင့်အမျှ ဦးတည်ရာ လမ်းကြောင်းက သွေဖည်သွားတာ, လမ်းပျောက်သွားတာမျိုးတွေလည်း ရှိတော့မှာ မဟုတ်ပါဘူး။

ရှေ့ရေးအမြော်အမြင်တွေ တစ်ဖွဲ့လုံးရဲ့ရင်ထဲမှာ ကိုယ်စီ စိမ့်ဝင် နေရာက အောင်မြင်မှုကို အရယူနိုင်တော့မှာလည်း ဖြစ်ပါတယ်။

အတ်မက်နေးလ်နှင့် ဂျင်ကလမ်မာတို့ကလည်း ဒီသဘောကို ခုလို ဖွင့်ဆိုခဲ့ကြလေရဲ့။

"အင်အားအကောင်းဆုံး အဖွဲ့အစည်းတစ်ခုခုရဲ့ တည်ဆောက်ပုံ ဟာ ရည်မှန်းချက်တစ်ခုကို စုပေါင်းပြီး အကောင်အထည်ဖော်တာပါ" တဲ့။

ဒါကြောင့် ပုရွက်ဆိတ်သဘောတရားရဲ့ အရေးပါမှုဟာလည်း ခေါင်းဆောင်နှင့် ငယ်သား ရည်မှန်းချက် တစ်ထပ်တည်းကျအောင် စွမ်းဆောင်စည်းရုံးနိုင်မှုကို အခြေခံထားတာပါပဲ။

ဒီလိုနှင့် တစ်ဖွဲ့လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုသာမက တစ်ဦးချင်းရဲ့ ကြီးပွားဖြစ်ထွန်းမှုတွေပါ ရခဲ့ကြတယ်ဆိုရမယ်။


mgyoe.com

mgyoe.com SAMPLE BOOK



စည်းရုံးဆက်သွယ်ရေးပုံစံအရ အဖွဲ့သားတွေ အားကြိုးမာန်တက် စိတ်ပါလက်ပါဖြစ်အောင် ရှေ့ပြေး ခေါင်းဆောင်ကိုယ်တိုင်ကလည်း သူ့မျှော်မှန်းချက်တွေအပေါ်မှာ အားတက်သရော စိတ်ဝင်စားမှု ရှိပြရပါလိမ့်မယ်။

ရှေ့ပြေးခေါင်းဆောင်က စိတ်အားထက်ထက်သန်သန် တက်ကြွနေမှ နောက်လိုက်တွေလည်း ဆွဲသလို ပါလာမှာပေါ့။

စိတ်အားထက်သန်မှုဟာ သမုဒ္ဒရာကို ကျော်ဖြတ်နိုင်တယ်။ တောင်ထိပ်တွေအထိ တက်နိုင်တယ်။ ကြယ်တွေဆီတောင် အရောက်သွားနိုင်ပါသေးတယ်။

ချားလ်စ်ရှဝက်ဘ်ဆိုသူဟာ လူတွေကို စိတ်ဓာတ်မြှင့်တင်ပြီး တွန်းအားပေးတဲ့နေရာမှာ ရှာမှရှားတဲ့ ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း အင်ဒရူးကာနက်ဂျီက ၁ နှစ်ကို ဒေါ်လာ ၁ သန်း ပေးပြီး ငှားခဲ့တာပေါ့။ ချားလ်စ်ရှဝက်ဘ်က ပြောတယ်လေ။

"လူတစ်ယောက်ဟာ ကန့်သတ်မဲ့ စိတ်အားထက်သန်မှုတွေ ရှိနေရင် ဘာမဆို အောင်မြင်အောင်လုပ်နိုင်တယ်"တဲ့။

အောင်မြင်မှုဟာ စိတ်ဆန္ဒထက်သန်မှုအပေါ် မူတည်တယ်ဆိုတာကို သူတစ်ဦးတည်း ယုံကြည်ခဲ့တာ မဟုတ်ပါဘူး။

စိတ်ဆန္ဒထက်သန်မှုနှင့် ပတ်သက်လို့ ပြောခဲ့ကြတဲ့ အောင်မြင်သူတွေရဲ့ လေသံကို နည်းနည်း နားထောင်ကြည့်လိုက်ပါဦး။

"အောင်မြင်မှုလှေကားကို တက်ရာမှာ တွန်းတင်ပေးတဲ့ အားတစ်ရပ်အနေနှင့် စိတ်အားထက်သန်မှု ရှိဖို့လိုပါတယ်"

ဘီစီ၊ဖော့ဘ်စ်



mgyoe.com

"ထူးခြားပြောင်မြောက်တဲ့ စိတ်ဓာတ်နှင့် စိတ်အားထက်သန်မှု အပြည့်ရှိနေတဲ့ အမျိုးသား၊ အမျိုးသမီးတွေကို ဘယ်သူ ဘယ်အရာကမျှ ဟန့်တားလို့မရပါဘူး"

ဂရန့် ဂျီ ဂတ်

"ဒီကမ္ဘာကြီးရဲ့ ကြီးကျယ်ပြီး အံ့မခန်းတဲ့ နှစ်စဉ် ဖြစ်ရပ်မှတ်တမ်းတွေမှန်သမျှ စိတ်အားထက်သန်မှုရဲ့ အောင်ပွဲတွေဆိုတာ တွေ့ရပါလိမ့်မယ်။ စိတ်အားထက်သန်မှု မပါဘဲနှင့် ဘာမျှ အကြီးအကျယ်ထွန်းပေါက်အောင်မြင်မှုရမှာ မဟုတ်ပါ"

အီမာဆင်

"စိတ်အားထက်သန်မှုဟာ ယောကျာ်း၊ မိန်းမတိုင်းရဲ့ ပုဂ္ဂလိကအောင်မြင်မှုကိုရဖို့ မရှိမဖြစ်လိုအပ်တဲ့ စွမ်းအားတစ်မျိုးပါပဲ"

ကွန်ရက် ဟီလ်တန်

"ထက်သန်တဲ့ စိတ်ဝင်စားမှုရှိရင် ဘာမဆို သင် လုပ်နိုင်ပါတယ်။ စိတ်ထက်သန်မှုဟာ ဖြစ်ထွန်းတိုးတက်မှု အားလုံးရဲ့ အခြေအမြစ်ပဲ ဖြစ်လို့ပေါ့။ စိတ်ထက်သန်မှုရှိရင် အောင်မြင်မှုလည်း ရှိစမြဲပါ။ စိတ်ထက်သန်မှု မရှိရင်တော့ လုပ်ပြရုံသက်သက်ပဲ ကျန်ပါလိမ့်မယ်။

ဟန်နရီ ဖို့ဒ်

"ဉာဏ်ကြီးရှင်တိုင်းရဲ့ ထုတ်လုပ်မှုမှန်သရွေ့ ပြင်းပြတဲ့စိတ်ဆန္ဒရဲ့ ထုတ်ကုန်တွေပဲ ဖြစ်ရမယ်"

ဘင်ဂျမင် ဒစ္စရေးလီ



mgyoe.com

ဒီလောက်ဆိုရင် ရည်မှန်းချက်တစ်ခု ရုပ်လုံးပေါ်အောင်မြင်ရေးမှာ ရင်ခုန်သံတွေနှင့်အတူ စိတ်အားထက်သန်မှု, ပြင်းပြတဲ့စိတ်ဆန္ဒတွေရှိဖို့ လုံးဝအရေးကြီးမှန်း သိသာလောက်ပါပြီ။

စိတ်ဓာတ်ပြင်းပြမှုဟာ ခေါင်းဆောင်ရော ငယ်သားတွေကိုပါ မျှော်လင့်ချက်တွေနှင့် အကောင်းမြင်ဝါဒတွေ မြင့်မြင့်မားမား သွတ်သွင်းပျံ့နှံ့စေပါတယ်။

နပိုလီယံ ဟီးလ်ကလည်း

"စိတ်အားထက်သန်မှုဟာ မိမိကိုယ်မိမိပဲ ဖြစ်ဖြစ်, တခြားလူတစ်ယောက်ကိုပဲဖြစ်ဖြစ် သွေးဆောင်စည်းရုံးရာမှာ ကြီးကျယ်မြင့်မြတ်တဲ့ယာဉ်ကြီးပါပဲ"လို့ ညွှန်းခဲ့တာကလား။

စိတ်အားထက်သန်မှုဟာ ကိုယ့်ကိုယ်ကိုယုံကြည်မှုရဲ့ အခိုင်အမာစာချုပ်တစ်ရပ်လည်း မည်ပါတယ်။

ဖရန်ကလင်ဖီးလ်က ပြောတာတော့

"စိတ်အားထက်သန်မှုဆိုတာ လက်တွေ့ လုပ်ဆောင်ရာမှာ လိုအပ်တဲ့ မိမိကိုယ်မိမိ ယုံကြည်အားကိုးမှုပဲ ဖြစ်ပါတယ်"တဲ့။

စိတ်အားထက်သန်မှုဆိုတဲ့ လက်ဆောင်ဟာ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်တဲ့အကြောင်း ကမ္ဘာပေါ်မှာ ဩဇာအကြီးမားဆုံးကြော်ငြာအေဂျင်စီတွေကိုထောင်ခဲ့တဲ့ ဘရူစ်ဘာတန်ရဲ့အဆိုက ထောက်ခံလိုက်လေရဲ့။

"ခင်ဗျားရဲ့သားတော်မောင်ကို လက်ဆောင်ပေးဖို့ တစ်ခုတည်းရှိတာကတော့ စိတ်ဆန္ဒပြင်းပြမှုပါပဲ"တဲ့။



mgyoe.com

mgyoe.com SAMPLE BOOK


ဒီတော့ စိတ်အားထက်သန်မှုဆိုတော ကိုယ့်အဖွဲ့သားတွေကို ပေးသင့်တဲ့ လက်ဆောင်တစ်ခုဆိုတာ ထင်ရှားသွားပါပြီ။ စိတ်အားထက်သန်မှုဟာ အဖွဲ့သားတွေကို စက်နှိုးပေးမယ့် မီးပွင့်လေးတစ်ချက်, အဖွဲ့သားတွေကို ရှေ့ဆောင်လမ်းပြတဲ့ မီးရှူးတန်ဆောင်ဆိုလည်း မမှားပါဘူး။

ဒီလို စိတ်အားထက်သန်မှုကို ဖန်တီးသွတ်သွင်း ပေးဖို့ဆိုရင်လည်း ခေါင်းဆောင်ဖြစ်သူဟာ ဆက်သွယ်ရေးကျွမ်းကျင်ဖို့ လိုပါတယ်။ ဒါကြောင့်လည်း ပုရွက်ဆိတ်သဘောတရား ဆက်သွယ်ရေးလမ်းကြောင်း အဖြစ် ဦးစားပေး အရေးထား တင်ပြခဲ့ရတာ ဖြစ်ပါတယ်။

ဆက်သွယ်ရေးပုံစံတွေအကြောင်း ပြောရရင်တော့ အတော်လေး ကျယ်ဝန်းပါတယ်။

ဒီနေရာမှာ အကျဉ်းသဘောလေးတွေလောက်သာ ပြသွားပါ့မယ်။

ပထမဆုံးအနေနှင့်တော့ ဝါရင်းဘင်နစ်စ်နှင့် ဘတ်နစ်နတ်စ်တို့ ဆက်သွယ်ရေး အရေးကြီးတဲ့အကြောင်း အနက်ဖွင့်ထားတာလေးကို သိစေချင်ပါတယ်။

"လူ့ကမ္ဘာမှာ စွဲလမ်းယစ်မူးစရာမျှော်မှန်းချက်တွေ တစ်ပုံကြီးနှင့် မြင့်မြတ်တဲ့ရည်ရွယ်ချက်တွေ အများအပြား ရှိကြပါတယ်။ လူတော်တော်များများဟာ ချမ်းသာသွားကြရာက ရှေ့ရေးအစီအစဉ်တွေ အကျအန ရေးဆွဲကြတယ်။ ဒါပေမယ့် ဆက်သွယ်ရေးစနစ်မရှိဘဲနှင့်တော့ ဘာမျှအလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ အောင်မြင်မှုဆိုရာမှာ ဆန္ဒတစ်ခုကို ဖော်ထုတ်ပုံနှင့်လည်း ပတ်သက်ပါတယ်။ အဲဒါကတော့ တခြားလူတွေကို စိတ်ပါလာအောင် နှိုးဆွပေးတဲ့ ပုံစံပါပဲ"တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK


## ဆက်သွယ်ရေးပုံစံအမျိုးမျိုး

လူတစ်ယောက်၊ ဒါမှမဟုတ် ခေါင်းဆောင်တစ်ယောက်ရဲ့ မျှော်မှန်းချက်ဟာ ချမ်းသာဖို့ပဲ ဖြစ်ဖြစ်၊ နာမည်ကျော်ဖို့ပဲဆိုဆို၊ သတ္တဝါတွေကို ကယ်မစောင့်ရှောက်ဖို့ပဲပြောပြော အခြေခံနည်းစနစ်ကတော့ လူတွေနှင့် ပေါင်းသင်းဆက်ဆံရင်း ကိုယ့်အလိုကိုလိုက်ပါအောင် ဆွဲဆောင်စည်းရုံးရတာပါပဲ။

ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အချင်းကို တခြားလူတွေအပေါ် ဩဇာလွှမ်းမိုးနိုင်မှု အတိုင်းအတာကြည့်ရုံနှင့် သိနိုင်ပါတယ်။

ဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းရာမှာ အကြမ်းနည်း၊ အနုနည်းရယ်လို့ ခွဲခြားရှိတယ် ဆိုရမှာပါပဲ။

အကြမ်းနည်းဆိုတာကတော့ အမိန့်အာဏာသုံးတာ၊ ဇွတ်အဓမ္မခိုင်းစေတာ၊ အကြပ်ကိုင် ဖိအားပေး အနိုင်ကျင့်တာ၊ မက်လုံးတစ်ခုခုပြပြီး လိမ်ညာလုပ်ဆောင်တာမျိုးတွေ ပါဝင်ပါတယ်။

ဒါဟာ တစ်ကိုယ်ကောင်းဆန် အတ္တကြီးသူတွေရဲ့ လုပ်ဆောင်ချက်ပါပဲ။

တစ်ချိန်တစ်ခါကဆိုရင် အလုပ်သမားတွေဟာ အလုပ်ရှင်လက်ပါးစေ အလုပ်ကြပ်တွေက သတ်ပစ်တာတောင် ခံရတတ်လေရဲ့။


mgyoe.com

သံကြိုး, သံခြေကျင်းတွေ အခတ်ခံရပြီး ကြာပွတ်သံတရွှမ်းရွှမ်း အောက်မှာ ဖိနှိပ်ချုပ်ခြယ်မှု, ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံနှင့် လူ့တန်ဖိုး လူ့သိက္ခာတွေ ကျဆင်းခဲ့ရတယ်။ ကျေးဇူးခံကျေးဇူးစား လုပ်ဖော် ကိုင်ဖက်တွေလို့ သတ်မှတ်ခံရဖို့မပြောနှင့်။ သိုးတစ်ကောင်လောက် တန်ဖိုးမရှိတဲ့ဘဝမှာ ခွေးတစ်ကောင်လောက်တောင် မျက်နှာသာပေး မခံရပါဘူး။

ဒီလိုနှင့် မကျေနပ်ချက်တွေအရင်းတည်တဲ့ အလုပ်သမားသပိတ် တွေ, ပဋိပက္ခ အရေးအခင်းတွေ ဒုနှင့်ဒေး ပေါ်ပေါက်ခဲ့ရပြီး လုပ်ငန်းခွင် တစ်ခု (ဝါ)လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ မျှော်မှန်းချက်တွေလည်း နှောင့်နှေး ကြန့်ကြာခဲ့ရတယ်။ တချို့ဆိုရင် လုံးဝ ပျက်သုဉ်းသွားရတဲ့အထိပါပဲ။

အဲ့ဒီအခိုက်အတန့်မှာယ်က ခေါင်းဆောင်လုပ်သူရဲ့ ဆက်သွယ်ရေးပုံစံ မှားယွင်းတယ်ဆိုတာ ထင်ရှားသက်သေပြတာပါပဲ။ အတ္တဗဟိုပြု ကြိုးနီစနစ် ဗျူရိုကရက်ပုံစံ ကျွန်ပြုအုပ်ချုပ်မှုတွေဟာ အင်မတန်မှ မိုက်မဲပြီး ဆင်ခြင်ဉာဏ်ကင်းတယ်ဆိုတာရဲ့ ပြယုဂ်ပဲပေါ့။

သမိုင်းကြောင်းတစ်လျှောက်မှာ ညံ့ဖျင်း ရူးမိုက်တဲ့ ခေါင်းဆောင် တွေရဲ့ ဇာတ်လမ်းတွေလည်း ဒုနှင့်ဒေးပါ။

အဲ့ဒီအထဲမှာ ဘုရင်ဧကရာဇ်တွေ, ကိုင်ဇာတွေ, ဂျင်နရယ်ကြီး တွေ, မန်နေဂျင်းဒါရိုက်တာတွေအထိ ပါဝင်ကြတယ်။

သူတို့ဟာ အစကနဦးမှာ အရည်အချင်းအလျောက် အောင်မြင်မှု ရခဲ့ကြတဲ့ ထိပ်တန်းခေါင်းဆောင်တွေ ဖြစ်ခဲ့ကြတာ မှန်တယ်။ ဒါပေမယ့် ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာ တန်ခိုးသြဇာတွေအပေါ် ယစ်မူးပြီး မာန်တက်ခဲ့ကြတယ်။ မိုးမမြင်လေမမြင် ဘဝင်လေဟပ်သလို ခြေဖျား ထောက် အောက်ခြေလွတ်ကြတယ်။



mgyoe.com

မိုးထိအောင် လေ့ကားထောင်ပြီး ကောင်းကင်ပြာထဲ အတောင်မဲ့ ပျံသန်းကြတယ်။ အရှိန်ကုန်တော့လည်း လင်းတကျ ကျကုန်ကြတယ်။

ဂျက်အင်ဂျင်တပ်လေယာဉ် ဆီကုန်စက်ပျက် လယ်ကွင်းထက် ဆင်းရတာနှင့်မခြား။

ဥပမာအားဖြင့် ဂျာမနီက ကိုင်ဇာဘုရင်, ရုရှားက ဇာဘုရင်, ပြင်သစ်က နပိုလီယန်, ရောမက ဂျူလိယက်ဆီဇာ, ဟစ်တလာ စသဖြင့်။

အရင်းစစ်လိုက်တော့ သူတို့ရဲ့ ဇာတ်သိမ်းမလှတဲ့ ဘဝတွေဟာ လူတွေနှင့် ကင်းကွာသွားလို့, လူမှုဆက်သွယ်ရေး ညံ့ဖျင်းလို့, အာဏာ ပါဝါတွေကို အများအကျိုးရှိအောင်မဟုတ်ဘဲ အလွဲသုံးခဲ့လို့သာ ဖြစ် ပါတယ်။

ခေါင်းဆောင်မပီသလိုက်တဲ့အတွက် သူတို့ကိုယ်တိုင် ကိုယ်ကျိုး အားနည်းသွားရသလို နိုင်ငံလည်း ကမောက်ကမဖြစ်ပြီး၊ အများပြည်သူ တွေလည်း အတိဒုက္ခရောက်ရတာပဲပေါ့။

ဒုတိယကမ္ဘာစစ်ကြီးအဖြစ်မှာ ဗြိတိန်နိုင်ငံမှာ သပိတ်မှောက်မှု တွေကြောင့် လူပေါင်း ၂၄ သန်းလောက် အလဟဿ အသက်ဆုံးရှုံးခဲ့ရ တယ်။ ရှေ့တန်းစစ်မျက်နှာပြင်မှာ ဘာသပိတ်မှုမှမမှောက်ဘဲ လူ ၁ သန်း သေခဲ့ရတယ်။

ဒီအချက်က အလုပ်သမားတွေဟာ အိမ်မှာ နေရင်းထိုင်ရင်းက ဦးစီးခေါင်းဆောင်လုပ်သူတွေရဲ့ ဆိုးဝါးရက်စက်စွာ ဆက်ဆံကိုင်တွယ် ခံရတယ်ဆိုတာ မထင်ရှားပေဘူးလား။ တစ်နည်းအားဖြင့် သူတို့ဟာ လူမှုဆက်ဆံရေးညံ့ဖျင်းသူတွေရဲ့ စီမံအုပ်ချုပ်မှု ခံရတာကြောင့်ပဲ ဆိုရ မယ်။


mgyoe.com

ဒီတော့ မတရားသဖြင့် ဖိနှိပ်အနိုင်ကျင့် အကြမ်းနည်းနှင့် အုပ်ချုပ်တဲ့စနစ်ဟာ ခေါင်းဆောင်ကောင်းတို့ရဲ့ လုပ်နည်းလုပ်ဟန် မဟုတ်ပါဘူးဆိုတာပါပဲ။

## စည်းရုံးရေးဗျူဟာ

မြင့်မားတဲ့ အောင်မြင်မှုရဖို့ ခေါင်းဆောင်တစ်ယောက်ဟာ လူတွေကို သူ့ဘက်ပါအောင် ဆွဲခေါ်ရမယ်။ သူ့နောက်က လူတွေ ယုံကြည်အားကိုးစွာနှင့် လိုက်လာအောင် လှုံ့ဆော်နိုင်ရမယ်။

ဒီနေရာမှာ ညင်သာစွာ စည်းရုံးရေးဗျူဟာရှိဖို့ လိုလာပါရော။

လူတစ်ယောက်ကို လွှမ်းမိုးချင်တယ်ဆိုရင် သူ့ရဲ့ နှစ်သက်မှု၊ လိုလားမှုကိုအရယူပြီး သံယောဇဉ် နှောင်ဖွဲ့တတ်ရမယ်။

လူတိုင်းမှာ အညှာလေးတွေ ကိုယ်စီ ရှိပါတယ်။ ဒီအညှာလေးတွေကို သိမ်မွေ့စွာ ကိုယ်တွယ်တတ်ရပါလိမ့်မယ်။

လူတိုင်းကို ရွှေငွေပေးရုံနှင့် မလုံလောက်ပါဘူး။ လစာရိက္ခာပေးရုံနှင့် စစ်မှန်တဲ့စွမ်းအား၊ သစ္စာစောင့်သိမှု၊ ရိုသေလေးစားမှုတွေကို ရမှာမဟုတ်ပါဘူး။ ကိုယ့်အပေါ်မှာ သူ သဘောပေါက် နားလည်မှုရှိပြီး ကြည်ကြည်ဖြူဖြူရှိလာအောင် နားသွင်းဖို့လိုပါတယ်။

ဒီအတွက် ခေါင်းဆောင်လုပ်သူဟာ သူ့ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားကို စွန့်လွှတ်ပြီး အနစ်နာခံသင့်ရင်လည်း ခံရမှာပါပဲ။



mgyoe.com

ဒီကိစ္စမှာ အမေရိကန်စကားပုံတစ်ခုဖြစ်တဲ့ 'သိုးမွေးရိတ်သလို ရိတ်'ဆိုတဲ့ဥပမာ ရှိပါတယ်။ တစ်ဦးချင်းအရေးထက် အများအရေးကို အလေးထား ဦးစားပေးရမယ်လို့ ဆိုလိုတာပါ။

ဖြူစင်ရိုးသားမှုနှင့် စေတနာကိုအရင်းခံပြီး အတ္တနှင့် ပရ မျှအောင် လုပ်ပေးရမယ်။

ခေါင်းဆောင်နှင့် နောက်လိုက်ငယ်သား ၂ ဘက်စလုံးနှင့်ဆိုင် တဲ့ စိတ်ဝင်စားမှု, စိတ်ဆန္ဒ နိုးကြွထက်သန်မှုတွေရအောင် ယဉ်ကျေး ပျူငှာ ကြိုးပမ်းရမယ်။

တချို့နေရာတွေမှာ 'ငါ'လို့ ပြောမယ့်အစား 'ငါတို့'လို့ ပြော တာမျိုးပေါ့။

တူညီတဲ့ ရည်မှန်းချက်တွေနှင့် ပုရွက်ဆိတ်တွေ, ခြတွေလို ညီညီညာညာ လုပ်ဆောင်ရင်းက တောင်ပို့ကြီးတစ်လုံး ဖြစ်လာတာတွေ တွေ့ဖူးပါလိမ့်မယ်။ လုပ်ရင်းကိုင်ရင်းက အချင်းချင်း ရင်းနှီးကျွမ်းဝင်မှု တွေရလာသလို ပိုပြီး တွင်ကျယ်လာမှာ မလွဲပါဘူး။ အသိစိတ်ဓာတ်တွေ နှင့် ကြည်ဖြူစွာ တာဝန်ယူလာကြမှာလည်း သေချာတယ်။

ခေါင်းဆောင်ဟာ သူ့အုပ်စုကို လုပ်ခလစာတွေနှင့် နှောင်ဖွဲ့ ထားတာမဟုတ်ဘဲ မျှော်လင့်ချက်တွေ, အကျိုးအမြတ်တွေနှင့် ဖွဲ့စည်း ထားတာပါ။

သူ့အနေနှင့် အောင်မြင်တဲ့ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ဖို့ လူတွေ ကို ကိရိယာတစ်ခုအဖြစ်ထက် လူလို ဆက်ဆံတယ်။ လူလို မြင်တယ်။ လူလို တန်ဖိုးထားတယ်။

သူတို့ကို မိသားစုလို သဘောထားဆက်ဆံခဲ့ရာက သူတို့ဆီက ရင်းနှီးခင်မင်မှုနှင့် စိတ်ရင်းစေတနာကောင်းတွေ ရယူနိုင်ပါတယ်။

mgyoe.com SAMPLE BOOK


ကုမ္ပဏီပိုင်ရှင်ကြီးတစ်ယောက်က သူ့အတွင်းရေးမှူးမလေးကို "မစ္စဘရောင်းရေ။ မင်းဟာ ငါ့အားထားလောက်တဲ့ လက်ရုံးကြီးတစ်ခုပါပဲလေ"လို့ ပြောလိုက်တယ် ဆိုပါစို့။ ဒီစကား တစ်ခွန်းက မစ္စဘရောင်းကို အကြီးအကျယ် ထူးခြားပြောင်းလဲ သွားစေသလို၊ ဟင်ခနဲ၊ဟာခနဲဖြစ်အောင် အစွမ်းပြတော့မှာပဲပေါ့။

စက်ရုံမန်နေဂျာတစ်ယောက်ဟာ ကြီးကြပ်ရေးမှူးကို ပြောလိုက်မယ်။

"ဂျွန်ရာ။ မင်းသာ မရှိရင်တော့ ငါ ဘာဆက်လုပ်ရမှန်း မသိတော့ပါဘူး"

ဒီစကားကရော ဂျွန့်ကို ပီတိအင်အားတွေ တိုးမသွားစေဘူးလား။

ဟားဘတ်ကက်ဆင်ဟာ သူ့ရုံးဝန်ထမ်း မိန်းကလေးတိုင်းကို သူတို့ရဲ့ မွေးနေ့တွေမှာ ၁၀ ပေါင် လက်ဆောင်ပေးတယ်။ စနေနေ့တိုင်း ၁၂ နာရီ အိမ်ပြန်၊ လစဉ် တတိယစနေနေ့ကို အားလပ်ရက်သတ်မှတ်တယ်။ နှင်းသည်းမုန်တိုင်းထန်နေတဲ့ နေ့မျိုးတွေမှာ ၁ နာရီကြိုပြီး အလုပ်က လွှတ်ပေးတယ်။

ဒီတော့ အားလုံးဟာ ညီအစ်ကို မောင်နှမတွေလိုပဲ ချစ်ခင်ရင်းနှီး ပျော်ရွှင်နေကြတယ်။ သက်သောင့်သက်သာ ချောင်ချောင်ချိချိနှင့် အားတက်သရော ရှိကြတယ်။ အလုပ်နှင့်ပတ်သက်လို့ ခိုတာကပ်တာ မရှိသလို အချင်းချင်းလည်း မနာလိုရမှန်းတောင် မသိတော့ဘူး။

စေတနာရဲ့အကျိုးဆက် 'အပြန်အလှန် နားလည်မှု'ဆိုတာက တော့ အကျိုးကြီးမားလွန်းလှပါဘိ။ ရောင်ပြန်အားက ပိုလင်းလက်တဲ့ သဘောပါပဲ။


mgyoe.com